


အသစ်စက်စက် (စ/ဆုံး) လုံးချင်းရုပ်ပြ
ဖျင်း၏
ကရှုဒြီး
ပါဝင်သော
သွေးစုပ်ပုတ်ကောင်
ဝတ္ထု
ကော်ချင်းသစ်
ပန်း၊ နိုသိန်း၊ ရွှေကြည်



အံချော်နေသူများ
မှုကြီး စိတ်တိုတို နှင့်... ကွန်ပျူတာ ကို ပိတ်ပစ်လိုက်သည်.. စာစီစာရိုက် သင်ပြီး... ကွန်ပျူတာ နှင့် စာရေး မှုပဲ ဝတ်တော့မလို ကိန်းဆိုက်နေပြီ...
တွေးရတာရော... ရေးရ... အဲ... ရိုက်ရတာပါ အဆင် မပြေ... ... ...
စာရေးဆရာ တစ်ယောက်လို စျာန်သွင်း၍... ဘယ်လို မှ မရ... ...
တရားရုံး မှ လက်နှိပ်စက်စာရေး လိုလို... စာစီ စာရိုက်သမား လိုလို ခံစားနေရသည်... ...


ရေးရမည့် လိုင်း က…
လျှို့ဝှက်သည်းဖို…
ရင်သိမ့်တုန့် အတိတ်
တလန့် ဖတ်ဖတ်မော
စာအုပ် အမျိုးအစား…
ဖတ်ဖတ်မော ဆိုသည့်အတိုင်း ဖတ်ပြီးလျှင် မော
ကျန်ရစ်အောင်… ရေးရမည့်အစား ကီးဘုတ်ကို
အဖက်လုပ်ကာ… စာလုံး ရွေးနေရသည့် နှင့်ပင်
ရသ ပျောက်နေ၏…
ရေးရင်း စိတ်ညစ်လာ၍… ထုံးစံ
အတိုင်း… မလာစာအုပ် နှင့်…
ဘောလ်ပင် နှင့်သာ ပြန်ကိုင်
မည်ဟု ဆုံးဖြတ်လိုက်သည်…
၃



ကွန်ပျူတာ နှင့် စာအုပ် အပြောင်း အလဲ မှာ အတွေးတွေ ငုပ်သွား သဖြင့်... အလုပ်စားပွဲ မှ ထလာ ခဲ့၏...
စာအုပ်စင် မှ ဂျာနယ်တစ်စောင်ဆွဲ ယူ၍... စိတ်အဆာပြေ စာဖတ်နေ လိုက်သည်...
ဂျာနယ် စာမျက်နှာများ ပေါ်တွင်... ရေဘေး သတင်း နှင့်... ပူပူနွေးနွေး ဝန်ကြီးပြုတ်သတင်း တွေ... ဝန်ကြီးဌာန ပြောင်း... သတင်းတွေ သာ... လွှမ်းမိုးထားသည်...
သို့သော်... အောက်ခြေ ပြည်သူလူထု ထိ... သက်ရောက်သော အပြောင်းအလဲကို သိပ်မတွေ့ရ...


ခုံ ရုံးကိစ္စ အငြင်းပွားမှု ကပင်... လချီ၍ ကြာမြင့် နေသည်... ...
ပြည်တွင်းကိစ္စတွေ ဘေးဖယ်ပြီး နိုင်ငံတကာအရေး ကြည့်တော့လည်း မြောက်ကိုရီးယား နှင့် အီရန် ၏ ရင်းနှီးတွေ့ဆုံ မှုကို တွေ့ရသည်...
မင်းနှမ ပို့ပေး...
မင်းအစ်မ ပေးလိုက်မယ်...
ဟင်း..ဟင်း အပီချုပ်ရ မယ်...
နာလည်း ရအောင် ယူမှာပေါ့ ဟွင်း... ဟွင်း...
သမ္မတဟောင်း ဂျော့ဘုရှ်ရဲ့ စကားလုံး နှင့် ပြောရလျှင် မိစ္ဆာဝင် ရိုးတန်း နိုင်ငံများ ပိုမိုရင်းနှီးလာခြင်း ပြယုဂ်ပင် ဖြစ်၏... ....
ဆီးရီးယားအရေးကလည်း လုံး၀ မအေးသေး... ပြည်တွင်းစစ်အသွင်သို့ အပီအပြင် ရောက်ရှိ သွားခဲ့ပြီ ဖြစ်သည်... ...
၅


တီထွင်မှု မျက်နှာစာမှ သတင်းဆန်းတစ်ခုကို တွေ့ရ၏... သန္ဓေသားကို ဓာတ်ပုံ ရိုက်လို့ရပြီတဲ့... တကယ့်ကို အံ့မခန်း သတင်းပါပဲလား... ....
တိုက် ခိုက်သတ်ဖြတ်နေ မှုများက ပြင်းထန်လွန်းလှသဖြင့်... ဂျာနယ် ထဲမှ... ကျည်ဆံတွေ ထွက်လာမှာ ပင်... စိုးမိပြီး ထိုစာမျက်နှာကို ကျော်လိုက်သည်....
တီထွင်သူက... ကို ရွှေဂျပန်များ... ထိုဓာတ် ပုံ အတွက်... ကျသင့်ငွေက ဒေါ်လာ ၁၃၀၀ တဲ့....
မိခင်လောင်း၏ ကိုယ်ဝန်ကို စကင်(န်) ဖတ်၍... 3D နည်းပညာ နှင့် ရုပ်လုံး ဖော်ပြီး... ဓာတ်ပုံ အဖြစ်... ထုတ်ပေး နိုင်ပြီ.... ....


ကဲ... ဘယ့်နှယ် ရှိစ... အအေးပိုင်းဒေသမှာ နေပြီး... အသားဖြူသည့်... လူတွေပဲ ဉာဏ်ကြီးကြ တာလား.... ...
တို့ ဗမာတွေကတော့... ခုမှ ရှုးလုံးတွေနှင့်... နင်လား ငါလား... မကွဲပြားသေး... ထား လိုက် ပါတော့... အညစ်အကြေးစွန့်ရာမှာ... အိမ်သာကို စနစ်တကျ သုံးတတ်အောင် ခုထိ ပညာပေးနေရဆဲ တို့ဗမာများ မဟုတ်လား....
ခဏလေး... ပြီးတော့မယ်..
မစောင့်နိုင် ဘူးဟေ့... ချိုပဲတိုး တော့မယ်...
နောက်ထပ် သတင်းတစ်ပုဒ် ကြောင့်... မှူးကြီးလေးချည် ဗို့ပြီး သွားရသည် တမြှားမြှားကျလာသည်...


ပြည်တွင်းက ယာမကာလုလင်တွေရဲ့ အရက်တွေ သောက်သုံးပြီး အချိန်မတန်ဘဲ သေပွဲ
ဝင်နေရတဲ့ ဒုက္ခကို စာနာမိလို့ ပြည်ထောင်စုဝန်ကြီး တစ်ပါးက နိုင်ငံခြားဖြစ် အရက်တွေ
တရားဝင် တင်သွင်းခွင့်... ပြုမည်ဆိုသည့် သတင်းပင် ဖြစ်၏.... ...
အရည်အသွေး အာမခံချက် မရှိသည့်... အရက်များ
သောက်ပြီး သက်တမ်းတိုရသည့်ဘေးမှ... ကင်းလွတ်
ခွင့်ရတော့မည် ထင်၏.... ....
အဟောဝတ ကောင်းလေစွ
ကောင်းလေစွ ဟုသာ ကျူးရင့်
လိုက်ချင်တော့သည်....



တို့ဗမာများ တီထွင်ဖန်တီးနိုင်စွမ်းပကား ကြီးမားမှု ကြောင့်... ကော်ဖီမစ်တစ်ထုပ် ငါးဆယ် နှင့် သောက်ခွင့် ရသလို... အရက် ဖြူတစ်လုံး သုံးရာသောက်နှင့်လည်း ပျော်ပျော်ကြီး မူးခွင့်ရကြသည်.... .....
ငါးဆယ်နှင့် ကော် ဖီမစ်စစ်စစ် ရမရ သုံးရာ နှင့် အန္တရာယ်ကင်းစွာ မူးနိုင် ခြင်း ရှိမရှိ ဘာမှ... တွေးမနေကြ... ကောင်းကောင်းကြီး သောက်ပြီး လန်းလန်းကြီး အသေခံနေကြသည်....
မရှိတာထက်... မသိတာ ခက်... ဆိုတာ... ဒို ဘယ်ဆုထိုက်တန်သော စကားတစ်ခွန်းပဲ ဖြစ်မည် ထင်၏... ....



ဘာလူးလေဘာယ်တွေ ဘာတွေ မသောက်
ချင်... နေပစေ... ဟိုက်ကော်မရှင်နား
စစ်စစ်ကို သင့်တင့်သည့်ဈေး နှင့် သောက်ခွင့်
ရချင် သေပျော်ပါပြီ... ....
တွေးရင်းနှင့်ပင် သွေးတောင်းလာသလို ခံစားလိုက်ရ
သဖြင့်... ပန်းချီကောင် သိန်းဇော်ကြည်နှင့်...ကမ္ဘာ
ကောင် မိုးလုံး ကို ဖုန်းဆက်ချိန်းလိုက်၏....
အချိန်က ညနေ သုံးနာရီကျော်သာ ရှိသေး
သော်လည်း.... စိတ်ဆာဆာ နှင့်... ချိန်းထား
သည့်.... ဆိုင်သို့ တက်ကြွစွာ လှမ်းလာခဲ့သည်...


နယ်မှ မိဘများကို ထောက်ပံ့စရာမလို... မိန်းမလည်း မရှိသေး၍ ပွဲကြီးကို အမိန့်ပေး တားမြစ်မည့်သူ မရှိ... ဆိုင်သို့ ပွဲကြီး အရင်ဆုံး ရောက်လာသည်... ....
ဂရင်း ရှိုင်ရယ် တစ်လုံး မှာယူခြင်းဖြင့်... မြန်မာ့ ဘောလုံးလောကကို သွယ်ဝိုက် အားပေးကူညီ လိုက်သည်... ...
အသေ မစောဖို့ ရောရမည့် ရေကအစ ဂရင်းရှိုင်ရယ်... ရွာမဆု အာမပူဖို့... အမြည်းက... ပုစွန်ခြောက်သုပ် နှင့်... ကန်စွန်းရွက် ပလိန်း.... ...

သောက်ဖော်သောက်ဖက် တွေကို စောင့်ရင်း ဂရင်းတစ်ပက်အား ရေရော ရေခဲတုံးထည့်ကာ
သမအောင် မွှေနှောက်၍... အရသာခံပြီး မျှင်းစုပ်နေလိုက်သည်.... ...




ရှုငိ့နေသည်က တန်ဖန်းနီးယား က အာဖရိက ဆင်တွေအကြောင်း... ထိုဆင်တွေ၏
LIFE STYLE ကို ကြည့်ပြီး မွှကြီး မျက်လုံး ပြူးသွားသည်.... ....





ဂြိုလ် ပြာကြီးပေါ်တွင် သက်ရှိအဖြစ် ရှင်သန်နေထိုင်ကျက်စားကြသည့် သတ္တဝါတိုင်း ဖိုမ ကိစ္စဆိုတာရှိ ကြသည်.... ...
ထိုကိစ္စအတွက်... သတ္တဝါတို့ အားထုတ်ရပုံကမလွယ် လှ...မိတ်လိုက်ဖို့အတွက် အထီးသတ္တဝါချင်း ခွန်အား ပြိုင်ရသည်... အနိုင်ရတော့လည်း ပိုးပန်းရသေး၏....
ထိုခံစားမှုအတွက်... ဂီလာန ဖြစ်သွားရသော အသက်စွန့်သွားရသော အထီးတွေ မရေ မတွက် နိုင်အောင် များလှသည်.... ....




မြန်မာစကားပြောနှင့် တင်ဆက်နေသည်က မိတ်လိုက်စရာ ဆင်မ လက်ကိုင်မရှိသည့်
မှန်ယိုနေသော ဆင်ပျိုပေါက်များက... ဆင်မ အစား ကြံ့မများကို... သိမ်းပိုက်ရန်
ကြိုးစားကြပုံ ဖြစ်၏...


ခွန်အားကြီးသည့် သတ္တဝါများ ဖြစ်သော်လည်း ကြံ့မှာ ဆင်နှင့်တွေ့တော့ ဆိတ်ဖြစ်သွားသည်...
ဆင်ပေါက်များ အနိုင်အထက်ပြုမှုကြောင့်... ခါးရိုးကျိုးပြီး သေရသည့် ကြံ့မှ အရေအတွက်... ထောင်ချီ ရှိခဲ့သည်တဲ့...
မုန်ယိုနေသည့် ဆင်ပေါက်များကို ဆုံးမနိုင်သည်က... အုပ်စု ခေါင်းဆောင် စွယ်စုံ ဆင်ထီးကြီးများပင် ဖြစ်သည်... သားသမီးကို မိဘက ဆုံးမသလိုမျိုး နှာမောင်းနှင့် ရိုက် အစွယ်နှင့်ထိုး... ...
ကိုယ်လုံးနှင့်တိုက်ပြီး အပြစ်ပေးမှ ဆင်ပေါက်တို့၏ မုန် စိတ် ပျောက်သည်တဲ့.... ....

မတွေးမထင် မိသော အကြောင်းအရာအား မျက်မြင်ကိုယ်တွေ့ ကြားသိနေရသဖြင့်....
မှုကြီး အရက်သောက်ဖို့ မေ့သွားသည်...






ဟား....
အံ့ဩကုန် နိုင်
ဖွယ်... ပါလားမျာ
ဟုသာ ရေ ရွတ်
မိတော့သည်....


ဆင်နှင့်ကြံ့စပ်လျှင်... ဘယ်လိုသတ္တဝါအသစ် ပေါ်ထွက်လာမလဲဟု လည်း... တွေးမိ၏...
ခုတော့ သန္ဓေအောင်ဖို့ နေနေသာသာ... မိတ်လိုက် သည့် အဆင့်မှာပင်... ကြံ့မတွေ သေကြေနေရ သည်... မျိုးသာ အောင်ခဲ့လျှင်...
ကြံ့ဆင် ဆင်ကြံ့ ဒါမှမဟုတ်... တစ်ခါက... မြန်မာပြည်မှာ နာမည်ကြီးခဲ့ သည့်... ရေဆင် ဆိုတာမျိုး ထွက်လာလေ မည်လားမသိ...


NET GEO WILD ကို ကြည့် ပြီး ပွကြီး စိတ်လေသွား၏...
သို့နှင့် ဖန်ခွက်ထဲမှ အရည်ကို တစ်ရှိန်ထိုး မော့ပစ်လိုက်သည်...
ပုစွန်ခြောက်သုပ် တစ်ဖွန်း ပါးလိုက်၏... အထီးလား အမလား မသိရသည့် ပုစွန်များ
သုပ်ပါးစပ်ထဲမှာ ပေါင်းစည်းသွားခဲ့ပြီ....
အတူရောက်လာကြသည့်... ဘော်ဒါနှစ်ကောင်... မကျေမနပ် နှင့် ပြည်တွန်သည့်.... ....
ဟာ... ဟော့ကောင် မင်းက တစ်ကောင်တည်း ပွဲစနေပြီလား...
ဝမ်းကစပဲ ရှိပါသေးတယ်ကွ မင်းတို့ကကြာတာကိုး....


ပန်းချီကောင် ကမ္ဘာကောင်တွေ
ရောက်လာသည်နှင့်... ဖန်ခွက်
ဆွဲပြီး ငှဲ့ကြတော့သည်...
ကဲ... ပြောစမ်း
ပါဦး အရေးတကြီး
ချိန်းတာ ဘာကိစ္စ
လဲ....
ပျင်းလို့
ဘာ...
ပွဲကြီး အဖြေကြောင့်
နှစ်ကောင်စလုံး တင်း
သွားကြ၏... ...
မင်းကွာ...
တို့ မှာက... အလုပ် နဲ့
အကိုင် နဲ့ သားနဲ့ မယားနဲ့
ကွ... မင်းကို ပျော်တော်
ဆက်ရလောက်အောင်
မအားဘူး....


ဘာဖြစ်လဲကွာ အားလုံးက… အမှန်တကယ် သောက်သုံးသူတွေပဲဟာ… တစ်ခါ တစ်လေ ချိန်းပြီးသောက်တယ်… ဒါပဲ… အကြောင်းပြစရာ လိုလား…
အလုပ်တွေက ပုံနေတာကွ…
ဒါလည်း အလုပ်လက်မဲ့ မဟုတ်ဘူး…
ကဲပါကွာ… တစ်နှာရှိုက်လောက်ပဲ စောသွားတာပဲဟာ ချ… ချ…
မိုးလုံး ဖျန်ဖြေတော့မှ… သိန်းရွှေကြည် လည်း ခွက်ကောက် ကိုင်ပြီး မျိုစရာရှိတာ မျိုသည်… …. ..